ဩဂုတ်လ ၂၀၁၉

အောင်မြင်သော ခရီးလမ်း

## မသန်စွမ်းသူများ အလုပ်အကိုင်ဖန်တီးရေးအတွက် UK aid ကပံ့ပိုးပေးလျက်ရှိ




ဓာတ်ပုံ - ကိုလွင်မိုးအောင် ဆံသဆိုင်တွင် ဆံပင်ညှပ်နေစဉ်။

အသက် ၂၂ အရွယ်ရှိ ကိုလွင်မိုးအောင်တစ်ယောက် လောကဓံ ရိုက်ခတ်မှုကို သူ့တစ်သက်တာနီးပါး ခံစားခဲ့ရသည်။ အသက် ၇ နှစ်အရွယ်တွင် ညာဖက် ခြေထောက်တစ်ပိုင်း ကင်ဆာရောဂါကြောင့် ဖြတ်လိုက်ရပါသည်။ ခြေထောက်ဖြတ်ပြီး နှစ်အနည်းငယ်အကြာ ဖခင်ဆုံးပါးသွားခဲ့ပြီး မွန်ပြည်နယ် သထုံမြို့တွင် မိခင်၊ အစ်မများနှင့်သွားရောက်နေထိုင်ခဲ့ပါသည်။ ၂၀၁၇ခုနှစ်တွင် ကင်ဆာကြောင့် ဘယ်ဖက် ခြေထောက်ကို ထပ်ဖြတ်လိုက်ရပြီး လောကဓံ၏ အထိုးအနှက်ကို နောက်တစ်ကြိမ် ခံလိုက်ရပြန်ပါသည်။ မသန်စွမ်းမှုကြောင့် အလုပ်ရနိုင်ခြေနည်းသော်လည်း ကိုယ့်ထူးကိုယ်ချွန်ဖို့ ကိုလွင်မိုးအောင် ဆုံးဖြတ်ခဲ့ပါသည်။ မသန်စွမ်းသူများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှ ၄င်းတို့ ပါဝင်အကျိုးဖြစ်ထွန်းစေနိုင်မည့် အလားအလာကောင်းများ ရရှိနိုင်ပါသည်။

၂၀၁၇ခုနှစ်က The Leprosy Mission Myanmar (TLMM) ၏ မသန်စွမ်းသူများအတွက် အလုပ်အကိုင်ရှာဖွေမိတ်ဆက်ပေးသူများ အဖွဲ့နှင့် တွေ့ဆုံပြီး အဖွဲ့ဝင် ဒေါ်ငယ်ငယ်ဝင်းမှ ကိုလွင်မိုးအောင်ကို အသက်မွေးဝမ်းကျောင်းပညာသင်တန်းတက်ရန် အားပေးခဲ့ပါသည်။ ထို့နောက် Association for Aid and Relief (AAR) Japan အဖွဲ့အစည်းက ဖွင့်လှစ်သည့် ဆံသပညာ ၃လသင်တန်းကို တက်ရောက်ခဲ့ပါသည်။

သင်တန်းအပြီး ကိုယ်ပိုင်ဆံသဆိုင်ဖွင့်ဖို့ ဆုံးဖြတ်ခဲ့ပါသည်။ UKaid နှင့် DaNa Facility တို့၏ပံ့ပိုးမှုဖြင့် TLMM အဖွဲ့အစည်းက ကနဦးအရင်းအနှီး ၂၀၀၀၀၀ကျပ် မတည်ပေးခဲ့ပြီး အိမ်နီးချင်းအိမ်ရှေ့ မြေကွက်လပ်တွင်ဆိုင်စဖွင့်နိုင်ခဲ့ပါသည်။ ၂၀၁၉တွင် ဒေါ်ငယ်ငယ်ဝင်းက ရန်ကုန်မြို့

> "ဆံသဆိုင်က
> ပုံမှန်ဝင်ငွေရှိနေတော့ ပျော်ပါတယ်။
> ကျွန်တော် ရပ်တည်ဖို့အတွက် သူတပါးကို
> မမှီခိုချင်ပါဘူး။"

လှိုင်သာယာ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဌာနတွင် ဆိုင်ခန်းနေရာကောင်း တစ်နေရာ ရရှိအောင် ကူညီပေးခဲ့ပါသည်။ ထို့အပြင် UKaid နှင့် DaNa Facility ကပံ့ပိုးလျက်ရှိသည့် TLMM စီမံကိန်း၏ အကူအညီဖြင့် ဆိုင်ကို ပြန်လည်ပြင်ဆင် မွမ်းမံနိုင်ခဲ့ပါသည်။

ယခုအခါ ကိုလွင်မိုးအောင်၏ စီးပွားရေး ပုံမှန်လည်ပတ်နေပြီး တစ်နေ့ဝင်ငွေ ၃၅၀၀ ခန့်ရရှိနေပါပြီ။ တကိုယ်ရေစားရိတ် ဆေးကုသစရိတ် လောက်ငအောင် ရှာဖွေနိုင်နေပါပြီ။ သို့ရာတွင် ကိုလွင်မိုးအောင်က ရပ်ရွာအတွက် အများအကျိုးအတွက် ပြန်လည်ပေးဆပ်လိုပါသည်။ ကိုလွင်မိုးအောင်က "ဆံသဆိုင်က ပုံမှန်ဝင်ငွေရှိနေတော့ ပျော်ပါတယ်။ ကျွန်တော် အသက်မွေးဖို့ သူတပါးကို မမှီခိုချင်ပါဘူး။ သိထားတာလေးတွေကို တစ်ခြား မသန်စွမ်းသူတွေနဲ့ ဝေမျှချင်ပါတယ်။ ကျွန်တော့ဆိုင်မှာသင်တန်းပေးချင်ပါတယ်။" လုပ်ငန်းခွင်တွင် စိန်ခေါ်မှုများရှိသေးသော်လည်း ပြဿနာဟု မယူဆပဲ အခွင့်အလမ်းဟုသာ သဘောထားပါသည်။ "အမျိုးသမီးတွေကို ဆံသဖို့ မရဲသေးတော့ လောလောဆယ် အမျိုးသားတွေပဲ လက်ခံပါတယ်။ သူငယ်ချင်းအလုပြင်ဆိုင်မှာ လေ့လာဖို့တော့ အစီအစဉ်ရှိပါတယ်။"

မြန်မာ့စီးပွားရေးကြီးထွားလာသည်နှင့်အမျှ လျစ်လျူရှုခြင်းခံရသည့် အုပ်စုများအတွက် အလုပ်အကိုင်ဖန်တီးပေးရန် အရေးကြီးပါသည်။ အားနည်းသည့် အုပ်စုများဖြစ်သော အမျိုးသမီးများ၊ မသန်စွမ်းများ၊ ဆင်းရဲနွမ်းပါးသူများကို သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး ရရှိလာသည့် အသီးအပွင့်များကို အားလုံးပါဝင်ခံစားနိုင်မည် ဖြစ်ပါသည်။ DaNa Facility အဖွဲ့သည် ယူကေအစိုးရနိုင်ငံတကာ ဖွံ့ဖြိုးရေးဌာနမှ ရန်ပုံငွေထောက်ပံ့သည့် ၅-နှစ်သက်တမ်းရှိ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးရေး အစီအစဉ်ဖြစ်ပြီး အားလုံးပါဝင်အကျိုးဖြစ်ထွန်းမည့် စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်ရန် မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ TLMM စီမံကိန်းမှ ရန်ကုန်၊ ပဲခူးနှင့် မန္တလေးရှိ မသန်စွမ်းသူများ အားလုံးပါဝင်နိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေး လျက်ရှိပါသည်။ ၂၀၂၀ခုနှစ်တွင် မသန်စွမ်းသူပေါင်း ၁၀၀၀ ကျော် အလုပ်အကိုင်ရရှိပြီး အကျိုးဖြစ်ထွန်းစေရန် မျှော်မှန်းပါသည်။

August 2019

## SUCCESS STORY:

# UK aid Supports Job Creation for People Living with Disabilities

> "I am happy because now I have my own regular income from the barber shop. I don't want to rely on others for my living."



*Lwin Moe Aung at work in his barber shop*

Lwin Moe Aung has been battling adversity for most of his life. He was just 7 years old when he lost part of his right leg to cancer. A few years later, his father passed away, forcing him to move in with his sister and her family in Thahtone Township, Mon State. Life dealt him another blow when he lost his left leg to cancer in 2017. He was 22 years old.

Although his disability meant that he had little prospect of finding work, Lwin Moe Aung was determined to support himself. Creating job opportunities for People with Disabilities (PwDs) can unlock their potential and provide them with opportunities to contribute to and benefit from economic growth.

Lwin Moe Aung met Daw Nge Nge Win, a Job Placement Coach at the Leprosy Mission Myanmar (TLMM), in 2017. After she encouraged him to participate in vocational training, he decided to join a 3-month hairdressing course organised by the Association for Aid and Relief (AAR), a Japanese non-governmental organisation.

After the course, he decided to open his own barber shop. The TLMM project, with financial support from the DaNa Facility and UK aid, provided 200,000 MMK (£100) as seed capital to start the business, which he opened on available space in front of a neighbour's house.

In 2019, Daw Nge Nge Win helped to organise a better location for Lwin Moe Aung's barber shop at an Early Childhood Care and Development centre in Hlaing Tharyar Township, Yangon. The TLMM project, with support from the DaNa Facility and UK aid, renovated and equipped the new shop.

Lwin Moe Aung is now doing good business, earning around 3,500 MMK (£1.75) per day, enough to support himself and to cover his ongoing medical expenses. But for Lwin Moe Aung, it is not just about him; he plans to give back to the community.

"I am happy because now I have my own regular income from the barber shop. I don't want to rely on others for my living. I want to share what I know with other PwDs like me. I want to accept PwDs as on-the-job trainees in my shop," he said.

Lwin Moe Aung still faces challenges in his work, but instead of seeing them as problems to overcome, he considers them opportunities: "Now I am accepting mostly male customers as I have no confidence to give women's haircuts. However, I have a plan to learn at my friend's beauty salon," he said.

As Myanmar's economy continues to grow, creating jobs for disadvantaged groups is vital. Decent jobs provide vulnerable people, such as women, PwDs, and the poor with opportunities to contribute to and benefit from economic growth, ensuring that development benefits everyone.

The DaNa Facility is a five-year innovative private sector development programme funded by the UK Government's Department for International Development (DFID). The programme works with the Government of Myanmar to support inclusive economic growth.

The TLMM project provides inclusive employment opportunities for PwDs in Yangon, Bago and Mandalay. By 2020 the project aims to support over 1,000 PwDs to benefit from access to employment and improved incomes.